# စူး

သင့်လူ



Ryu Murakami

PIERCING

# အခန်း(၁)

ပုခက်ထဲမှာ အိပ်မောကျနေတဲ့ သက်ရှိသတ္တဝါလေး ကြည့်ရတာ လှောင်အိမ်ထဲက ခတ်ခွဲခန်း စမ်းသပ်ခံ တိရစ္ဆာန်လေးနဲ့ တောင် တူတူ သေးတော့၊ ကာဝါရှီမာ မာဆာယူကီ အဲသလို တွေးမိတယ်။ ခတ်မီးအ သေးစားလေးကို လက်နဲ့ အုပ်ထားလို့ ပုခက်ထဲက ကလေးကို အရိပ် လောက်ပဲ သူမြင်ရတယ်။ အိပ်ခန်းတစ်ခုလုံး မဟူရာရောင် စုပ်စုပ်မှော င်လို့ ။ ကလေးကို ကုန်းကြည့်လိုက်ရင်း အင်မတန်လျှင်မြန်တဲ့ အိပ်စက်ခြင်းဆိုတဲ့ စကားလုံးတွေကို သူ အသံတိတ် ရွတ်နေတယ်။ ယို ကို ကိုယ်ဝန်ရ လာပြီး သူ ကလေးအဖေဖြစ်ဖို့ သေချာလာချိန်မှာ သူ့က လေး အိပ်မပျော်ဖြစ်မှာ ကို သူ အင်မတန် စိုးရိမ်မိသေးတယ်။ သူက မူ လတန်းကတည်းက အိပ်မပျော်ရောဂါ စွဲခဲ့တာကိုး။ ကလေးကိုယ်ထဲမှာ သူ့သွေးတွေ စီးနေတာကိုး။ ဒါပေမဲ့လည်း ကလေးဆိုတာက အအိပ်မက် တဲ့ အမျိုးကိုး။ ဒါကြောင့်လည်း ကလေးပြုစု စောင့်ရှောက်ရေး ပါရဂူ တွေက ကလေးတွေအလုပ်က အိပ်ဖို့ ပဲလို့ ပြောတာနေမှာ ပေါ့။ ကလေး လေးတစ်ယောက် အိပ်မပျော်ရောဂါ စွဲနေမယ်ဆိုရင် တကယ့်ကို ယူကျုံးမရ အပူလုံးကြွစရာဖြစ်မှာ ။

နှစ်ယောက်အိပ် ခုတင်ကြီးပေါ်မှာ အိပ်နေတဲ့ ယိုကိုကို သူ လှည့်ကြ ည့်လိုက်တယ်။ စည်းချက်ညီ ထွက်နေတဲ့ အသက်ရှူသံကြောင့် ယိုကို အိ ပ်မောကျနေတယ်ဆိုတာ သေချာတယ်။ မိန်းမ အိပ်ပျော်နေတဲ့ အချိန်မှ

ကလေးပုခက်နား သူ မတ်တတ်ကြီးရပ်ပြီး ကလေးကို ငုံ့ ငုံ့ကြည့်နေမိတာ ခုဆို ဆယ်ည ဆက်တိုက်ရှိပြီ။ ဆင်အော်တာတောင် မနိုးလောက်အောင် ယိုကို အိပ်မောကျနေတတ်တဲ့ သန်းခေါင်ကျော်ပြီးစမှာ ပေ့ါ။ ယိုကိုက မနက်စောစော ထတတ်တာကိုး။ အင်မတန် ကျန်းမာသန်စွမ်းတဲ့ အချက်အပြုတ်နဲ့ မုန့်ပညာရှင် ၂၉ နှစ်သမီး ယိုကိုအဖို့ တော့ အိပ်မပျော်ဘူးဆိုတာ ချိုနဲ့ လားလို့ မေးရမဲ့ဟာမျိုး။ သူနဲ့ လက်ထပ်ပြီးတော့ လုပ်လက်စ မုန့်ဖုတ်လုပ်ငန်းကို မလုပ်တော့ဘဲ သူတို့ ရဲ့ အိပ်ခန်းတစ်ခန်းတည်းပါတဲ့ တိုက်ခန်းလေးမှာ ပဲ ယိုကိုက အချက်အပြုတ်နဲ့ မုန့်ဖုတ်သင်တန်း ဖွင့်တယ်။ သူ့သင်တန်းကို လူကြိုက်များ တယ်။ ခုဆို သင်တန်းသား အတော်များ နေပြီ။ အိမ်ရှင်မတွေ၊ မုဆိုးမကြီးတွေအစ အလယ်တန်း ကျောင်းသူ အလယ်၊ သက်လတ်ပိုင်း ယောက်ျားကြီးတွေအဆုံး မျိုးစုံလို့ ပဲ။ တစ်ပတ်မှ နှစ်ရက်ပဲ နားပြီး ဆက်တိုက်သင်တဲ့ အဲဒီသင်တန်းကြောင့် တစ်အိမ်လုံး သူတို့ အိပ်ခန်းထဲထိ ထောပတ်နံ့တွေ သင်းနေတယ်။ ကာဝါရှီမာက အဲဒါကို သဘောကျတယ်။ ရီးလေး ( ယိုကို့အမေ ပေးထားတဲ့ ကလေးနာမည်) က ခုဆို လေးလပြည့်ပြီ။ ယိုကိုကတော့ ကလေးတစ်ဖက်နဲ့ သင်တန်းအလုပ် မပျက်အောင် လုပ်နိုင်တယ်။ သင်တန်းသား အများ စုက မိန်းမတွေဆိုတော့ ကလေးကိစ္စကို သူတို့ ကူညီကြတာပေ့ါ။

ဓာတ်မီးကို ပိတ်လိုက်ပြီး လိုက်ကာကြားကနေ အခန်းထဲ ထိုးဝင်နေတဲ့ မှိန်ဖျော့ဖျော့ လရိပ်အလင်းကို သူ ငေးနေမိသည် ။ အလင်းတန်း မှိန်မှိန်လေးဟာ ပုခက်အလယ်ထိ ရောက်တယ်။ ရီးလေးရဲ့ စောင် ပန်းရောင်လေးနဲ့ ကာဝါရှီမာရဲ့ ကော်ဂျူရှိုင်း ဘောင်းဘီအိတ်ကပ်တွေကို မြင်သာလောက်တဲ့ အလင်းဖြူဖျော့လေးပါ။ သူ ငယ်ငယ်တုန်းထဲက အခန်းထဲမှာ မီးတွေအားလုံး ပိတ်၊ လရောင်နဲ့ ထိုင်ရင်း လရောင်အော

က်က လမ်းကျဉ်းကလေးတစ်ခုရဲ့ ပုံကို ထိုင်ဆွဲနေတတ်တယ်။ အတိတ်ကို သတိရရင်း အိတ်ထဲက ရေခဲခွဲတဲ့ စူးကို သူ လက်မထိုးမိအောင် သတိထားပြီး အသာထုတ်လိုက်တယ်။ စူးလက်ကိုင်ကို ညာလက်နဲ့ တင်းတင်းဆုပ်၊ ကလေး ကိုယ်ပေါ်ကစောင်ကို ဘယ်လက်နဲ့ အသာခွာလိုက်တယ်။ ယိုကိုဖုတ်တဲ့ ပေါင်မုန့်ထက် ပိုပြီးဖြူ ပိုပြီးနူးညံ့တဲ့ ရီးလေးရဲ့ လည်ပင်းလေးနဲ့ ရင်အုံလေးပေါ်လာတယ်။ ဓာတ်မီးကို အသာဖွင့်ပြီး အဲဒီဖွေးဥနေတဲ့ ကလေးရင်ဘတ်နဲ့ လည်တိုင်ကို သူ စိုက်ကြည့်နေတယ်။ လတ်လတ်ဆတ်ဆတ် ဖုတ်ပြီးခါစ ပေါင်မုန့်နံ့တွေ နှာခေါင်းထဲမှာ ရလာတယ်။ ပြီးတော့ သူ သတိမထားမိတဲ့ နောက် အနံ့တစ်မျိုးပဲ။ ကလေးစောင်ပေါ်ကို ချွေးတပေါက် ကျသွားမှ ပဲ သူ့နဖူးနဲ့ နားထင်မှာ ချွေးပေါက်ကြီးတွေ တွဲရရွဲခိုနေတာကို သူ သတိထားမိတော့တယ်။ နံရံကပ်အပူပေးစက် ဖွင့်ထားပေမယ့် ချွေးပေါက်ပေါက် ကျလောက်အောင် ပူဖို့အဝေးကြီး။ ရေခဲခွဲစူးရဲ့ ချွန်မြနေတဲ့ ထိပ်ဖျားဟာ တဆတ်ဆတ်ခါယမ်းလာတယ်။ ချွေးစီးကြောင်းတစ်ခု မျက်ခုံးနှစ်ဖက်ကြားကနေ မျက်လုံးထောင့်ထဲ စီးဝင်သွားတယ်။

မျက်စိကို ပိတ်လိုက်ရင်း သူအတော် ချောက်ချားသွားခဲ့တယ်။ ကြည့်စမ်း ချွေးထွက်နေတာကို သူ သိလည်း မသိ၊ ခံလည်း မခံစားမိဘူး။ ခုလိုနဖူးကချွေး ခြေမကျနေတာ သူမဟုတ်ဘဲ သူ့ပုံစံတူ ဖယောင်းရုပ်လိုလိုသူ့ကိုယ်ပွား တစိမ်းတစ်ယောက် လိုလို ဖြစ်နေတယ်။ ဖွတ်ပဲ။

မျက်စိ ပြန်ဖွင့်လိုတဲ့ အခါ သူ့စက္ခုအာရုံ၊ သောတအာရုံနဲ့ ဂန္ဓာရုံတွေဟာ တစ်ခုနဲ့ တစ်ခု ဒွေးရောယှက်တင် ဖြစ်ပြီး ဆိုင်းမဆင့် ဗုံမပါနဲ့ မီးလောင်တဲ့ ညှော်နံ့လိုလို ရလာတယ်။ လက်သည်း မီးလောင်တဲ့ အနံ့မျိုး။ ဟင် ဖြစ်ပြန်ပြီလား၊ ဟင့်အင်း မဖြစ်ရဘူး မဖြစ်ပါနဲ့ တောင်းပန်ပါတယ်။ သူ သက်ပြင်းရှိုက်ရင်း အသံတိတ် ညည်းမိတယ်။

အမြဲတမ်း စလိုက်ရင် ဒီလိုချည်းပဲ။ စစချင်း ချွေးထွက်၊ ပြီးရင် ညှော်နံ့ရ၊ နောက် တစ်ကိုယ်လုံး အားပြတ်သွားသလို နုံးချိပြီး နောက်ဆုံးတော့ မခံမရပ်နိုင်အောင် နာကြင်ခြင်းနဲ့ အဆုံးသတ်။ လေထုထဲက အမှုန်လေးတွေဟာ ထက်ရှတဲ့ အပ်ချောင်းတွေအသွင် ပြောင်းပြီး သူ့တစ်ကိုယ်လုံး နေရာမလပ် ထိုးစိုက်။ အရေပြားအောက်က တစစ်စစ်နာတဲ့ ဝေဒနာဟာ ပါးစပ်က ပွင့်ထွက်မတတ် ခံစားရတဲ့ အခါ မျက်စိထဲ မြူဆိုင်းသလို ဖြစ်လာရင်း သူ့ကိုယ်ပေါ် အညှာအတာမဲ့ စူးဝင်လာတဲ့ အပ်တွေကို မြင်လာရတယ်။

ငြိမ်တော့၊ ကာဝါရှီမာ။ ငြိမ်၊ အေးအေးဆေးဆေးပေါ့။ မင်း အဆင်ပြေမှာ ပါ။ မင်း သမီးလေးကို စူးနဲ့ မထိုးပါဘူးလို့ သန္နိဋ္ဌာန် ချထားပြီးပြီပဲ၊ အားလုံး အဆင်ပြေမှာ ပါ။

ဆတ်ဆတ်ခါနေတဲ့ စူးချွန်ကို သူ အသာဖွဖွ ကိုင်လိုက်တယ်။ စူးထိပ်ဖျားက ကလေးပါးနဲ့ တန်းနေတယ်။ စူးကို သူကြည့်မိတဲ့ အခါတိုင်း ချွန်မြပါးလျတဲ့ သံမဏိကိုယ်ထည်ဟာ အပ်လောက်ကို ချွန်တာ အမြဲတွေ့ရတယ်။ လောကမှာ ဒီလိုပစ္စည်းမျိုး ရှိပါလားလို့ သူ အမြဲတွေးနေမိတယ်။ ရေခဲခွဲဖို့ ဆိုပဲ။ တခြားပစ္စည်း မရှိတော့ဘူးလား။ လူတွေဟာ ဘာလို့ ဒီလို နားမလည်နိုင်တဲ့ ပစ္စည်းတွေကို ထုတ်လုပ် ရောင်းချနေရတာတုံး။ ချွန်မြနေတဲ့ ဒီ စူးအဖျားကို ကြည့်တာနဲ့ တင် ချွေးစေးပြန်စရာကောင်းနေပြီဆိုတာ မသိကြဘူးလား။ ကလေးရဲ့ နှုတ်ခမ်းလေးတွေဟာ သိမှတ်မဲ့ လှုပ်နေတယ်။ နှုတ်ခမ်းလေးက သေးလွန်းလို့ နှုတ်ခမ်းနဲ့ တောင် မတူဘူး။ မကြာခင် တောင်ပံဖြန့်ပြီး လိပ်ပြာအသွင်ပြောင်းမဲ့ ပိုးတုံးလုံးလေးလိုပဲ။ မှဲ့ခြောက်သွဲ့သွဲ့ ပါးလေးတွေကလည်း သွေးကြောလေးတွေ ယှက်သန်း နီမြန်းနေတယ်။ ကာဝါရှီမာဟာ သမီးပေါ်က မှဲ့ခြောက်လေးတွေကို ပထမ လက်ထိပ်နဲ့ ၊ နောက် စူးချွန်ထိပ်ဖျားနဲ့ အ

သာလေး ထိကြည့်မိတယ်။

အင်း မလုပ်ဘူး၊ ငါ ဘယ်တော့မှ သမီးကို စူးချွန်နဲ့ မထိုးဘူးကွ။

သူ စဉ်းစားနေတုန်း မှောင်ထဲက ယိုကို့အသံလေး ထွက်လာတယ်။

"ဘာလုပ်နေတာလဲဟင်"

သူ့တစ်ကိုယ်လုံး တင်းခနဲဖြစ်သွားတယ်။ စူးချွန်ထိပ်ဖျားက ကလေးပါးကို ခြစ်မိတော့မတတ်ပဲ။ ဓာတ်မီးကို အသာပိတ်၊ သက်ပြင်းကို အသာမှုတ်ထုတ်ရင်း ဖြည်းဖြည်း လှည့်လိုက်တယ်။ စူးကို လက်ဖဝါးနဲ့ အုပ်ကိုင်ရင်း ဘောင်းဘီအိတ်ထဲ မသိမသာ ထိုးထည့်လိုက်တယ်။

ယိုကိုက ခုတင်ပေါ်မှာ လက်ထောင်ထိုင်နေတယ်။ သူ့တစ်ကိုယ်လုံး တံတောင်ဆစ်ကို အားပြုရင်းပေ့ါ။

"ဆောရီးပဲ နိုးသွားတာလား"

သူ ယိုကို့နား ခြေဖျားထောက်သွားရင်း ပါးကို နမ်းလိုက်တယ်။

"ဘယ်နှစ်နာရီ ရှိပြီလဲ"

"တစ်နာရီကျော်ကျော်"

"ရီးလေးကို ကြည့်နေတာလားဟင်"

"အင်း ကိုယ် မင်းကို မနိုးစေချင်ပါဘူး။ မင်း ပင်ပန်းထားတယ် မဟုတ်လား၊ ကဲ ပြန်အိပ်နော်"

"ခု အလုပ် လုပ်တုန်းလား"

"ပြီးခါနီးပါပြီ၊ နောက်ဆုံး အပြီးသတ်ရွေးဖို့ ပဲ ကျန်တာ"

သူတောင် ပြောလို့ မပြီးသေးဘူး၊ ယိုကိုက လှဲချလိုက်ရင်း ပြန်အိပ်

ပျော်သွားတယ်။ ဘုရား သိကြားမလို့ ပဲ။ အိမ်သာထသွား၊ ရေထသော
က်လုပ်လို့ မီးများ ဖွင့်လိုက်ရင် သူ ချွေးတရွှဲရွှဲဖြစ်နေတာ တွေ့မှာ ပဲ။ ပြီး
တော့ ဘောင်းဘီအိတ်ကို ဖောက်ထွက်နေတဲ့ စူးချွန်ထိပ်ဖျားကိုလည်း
သတိထားမိသွားမယ် ထင်တယ်။

***